# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRYPORT-KM) နှင့် သီလဝါဆိပ်ကမ်း (MITT) သို့ ရောက်ရှိ

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် AUNG GYI GROUP OF COMPANIES CO.,LTD မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BRAND NEW HATCHBACK(LHD)၊ BRAND NAME: JAC E30X၊ 2024 MDL၊ C/O: CHINA – (5)U သည်လည်းကောင်း၊ BRAND NEW HATCHBACK(LHD)၊ BRAND NAME: JAC E30X၊ 2025 MDL၊ C/O: CHINA – (10)U သည်လည်းကောင်း၊ BRAND NEW SUV(LHD)၊ BRAND NAME: JAC e-JS4၊ 2024 MDL၊ C/O: CHINA – (5)U နှင့် BRAND NEW SUV(LHD)၊ BRAND NAME: JAC e-JS4၊ 2025 MDL၊ C/O: CHINA – (10)U တို့သည် ၉-၈-၂၀၂၅ ရက်နေ့တွင် သီလဝါဆိပ်ကမ်း (MITT) သို့ အသီးသီး ရောက်ရှိလာခဲ့ပါသည်။ SHWE THWAY CO.,LTD မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BRAND NEW SUV (LHD)၊ BRAND NAME: BYD YUAN UP၊ 2025 MDL၊ C/O: CHINA – (4)U သည် ၁၅-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ BRAND NEW SUV(LHD)၊ BRAND NAME: BYD YUAN UP၊ 2025 MDL၊ C/O: CHINA – (4)U သည် ၈-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRYPORT-KM) သို့ အသီးသီး ရောက်ရှိလာခဲ့ပါသည်။ အဆိုပါ Import Declaration ဖွင့်လှစ်ခဲ့သည့် လျှပ်စစ်သုံး မော်တော်ယာဉ် (၃၀)စီးသည် သီလဝါဆိပ်ကမ်း (MITT) ၌ ၁၃-၈-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ လျှပ်စစ်သုံးမော်တော်ယာဉ် (၄)စီးသည် ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRYPORT-KM) ၌ ၂၉-၇-၂၀၂၅ ရက်နေ့နှင့် လျှပ်စစ်သုံး မော်တော်ယာဉ် (၄)စီးသည် ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRYPORT-KM) ၌ ၁-၈-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များအတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာပါ ခွင့်ပြုချက်များနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ၁၉-၈-၂၀၂၅ ရက်နေ့တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထုတ်ပေးခဲ့ပါကြောင်း၊ အဆိုပါတင်သွင်းမှုများအတွက် အခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိပါသည်။

## သီလဝါဆိပ်ကမ်း (MITT)သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ






## သီလဝါဆိပ်ကမ်း (MITT)သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ





**ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRYPORT-KM) သို့ တင်သွင်းလာသော**
**လျှပ်စစ်သုံးမော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ**





# ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRYPORT-KM) သို့ တင်သွင်းလာသော
# လျှပ်စစ်သုံးမော်တော်ယာဉ်များ စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ



